يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا قُوْۤا اَنْفُسَكُمْ وَاَهْلِيْكُمْ نَارًا

အို အီမာန်တရားကိုယုံကြည်ကြသူ အပေါင်းတို့၊ အသင်တို့နှင့် ၎ သင်တို့၏
အိမ်ထောင်စု (မယား သား သမီး) တို့ကို ငရဲမီးမှ ကာကွယ်ကြပါကုန်လော့။

# اسماء الحسنیٰ

جامع مسجد دہلی



# အာ့စ်မာအုလ်ဟုစ်နာ။

အလ္လာဟ် အရှင်မြတ်၏ ဂုဏ်နာမံတော်ကျမ်း

# ASMA-UL-HUSNA

BY


حضرت مولانا محمد صالح صاحب مفتی اعظم برما مرکزی دار الافتاء آل برما جماعت ائمہ مساجد رنگون

Moulana Mufti Muhammed Swaleh Amini Saheb

ဒေလီပြန် မော်လာနာ - မုဖ်တီ - မုဟမ္မဒ်စွာလေးဟ် စွာဟိဗ်



Published By

The Islamic Mission House No, 289, Shwebontha (Mogul) Street, Rangoon.



(Copy Rights Reserved)



ရန်ကုန်မြို့-ရွှေဘုံသာ (မဂိုလ်) လမ်း၊ အမှတ်-၂၈၉၊
အိစလာမ် အာသနာပြု တိုက်အုပ်က ထုတ်ဝေ ဖြန့်ချိ ပါသည်။



(မူပိုင်ရိုက်ခွင့် ပြုလုပ်ပြီး။ )


25-Pyas. ၂၅-ပြား။


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၁၂၇၉)

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

| | | | | |
|---|---|---|---|---|
| هُوَاللّٰهُ | الَّذِيْ | لَآ اِلٰهَ | اِلَّاهُوَ | اَلرَّحْمٰنُ |
| اَلرَّحِيْمُ | اَلْمَلِكُ | اَلْقُدُّوْسُ | اَلسَّلٰمُ | اَلْمُؤْمِنُ |
| اَلْمُهَيْمِنُ | اَلْعَزِيْزُ | اَلْجَبَّارُ | اَلْمُتَكَبِّرُ | اَلْخَالِقُ |
| اَلْبَارِئُ | اَلْمُصَوِّرُ | اَلْغَفَّارُ | اَلْقَهَّارُ | اَلْوَهَّابُ |
| اَلرَّزَّاقُ | اَلْفَتَّاحُ | اَلْعَلِيْمُ | اَلْقَابِضُ | اَلْبَاسِطُ |
| اَلْخَافِضُ | اَلرَّافِعُ | اَلْمُعِزُّ | اَلْمُذِلُّ | اَلسَّمِيْعُ |
| اَلْبَصِيْرُ | اَلْحَكَمُ | اَلْعَدْلُ | اَللَّطِيْفُ | اَلْخَبِيْرُ |
| اَلْحَلِيْمُ | اَلْعَظِيْمُ | اَلْغَفُوْرُ | اَلشَّكُوْرُ | اَلْعَلِيُّ |
| اَلْكَبِيْرُ | اَلْحَفِيْظُ | اَلْمُقِيْتُ | اَلْحَسِيْبُ | اَلْجَلِيْلُ |
| اَلْكَرِيْمُ | اَلرَّقِيْبُ | اَلْمُجِيْبُ | اَلْوَاسِعُ | اَلْحَكِيْمُ |
| اَلْوَدُوْدُ | اَلْمَجِيْدُ | اَلْبَاعِثُ | اَلشَّهِيْدُ | اَلْحَقُّ |
| اَلْوَكِيْلُ | اَلْقَوِيُّ | اَلْمَتِيْنُ | اَلْوَلِيُّ | اَلْحَمِيْدُ |

| | | | | |
|---|---|---|---|---|
| المحصى | المبدئ | المعيد | المحيى | المميت |
| الحى | القيوم | الواجد | الماجد | الواحد |
| الاحد | الصمد | القادر | المقتدر | المقدم |
| المؤخر | الاول | الاخر | الظاهر | الباطن |
| الوالى | المتعالى | البر | التواب | المنعم |
| المنتقم | العفو | الرؤف | مالك | الملك |
| ذوالجلال | والاكرام | الرب | المقسط | الجامع |
| الغنى | المغنى | المعطى | المانع | الضار |
| النافع | النور | الهادى | البديع | الباقى |
| | الوارث | الرشيد | الصبور | |

သတိပြုဘွယ်၊ မိမိတို့အား ပြုပြင် ဖန်ဆင်း၍ အုပ်ထိန်းတော်မူသော အလ်လာဟု အရှင်မြတ်ကို ထိုအရှင်မြတ်၏ အလိုအလျောက် ဖွဲ့စည်းလျက်ရှိသော (ဇွိဖွါတ်) ဂုဏ်တော်များ (ကုဒရတ်) တန်ခိုးတော်များ အားဖြင့်သာလျှင် သိရှိနိုင်ကြပေသည်၊ ထိုအရှင်မြတ်၏ ဂုဏ်နာမံတော်များကို နေ့စဉ် မနေ့တိုင်း ဘတ်ရွတ်ခြင်းသည် များစွာသော အကျိုးကျေးဇူးကို ဖြစ်ထွန်းစေပါသည် အာရဗီစာ မဖတ်မြောက်ကြသူတို့သည် အာရဗီစာ အသံထွက်အားဖြင့် ဘတ်ရွတ်နိုင်ကြပေသတည်း။

# اَسْمَاءُ الْحُسْنٰى

## အာ့စ်မာ အုလ်ဟုစ်နာ

အလ်လာဟု အရှင်မြတ်၏ ဂုဏ်နာမံတော်များ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ وَالصَّلٰوةُ وَالسَّلَامُ عَلٰى رَسُوْلِهٖ مُحَمَّدٍ وَّاٰلِهٖ وَاَصْحَابِهٖ اَجْمَعِيْنَ

ဗိစ်မိလ် လာဟိ ရ်ရဟာမာ နိရ်ဟီမ်

အလ်ဟမ်ဒုလိလ်လာဟိ၊ ရဗ်ဗိလ်အာလမီန်၊ ဝါဿလာတု၊ ဝါဿလာမု။ အလာရဆူလိဟိ။ မုဟမ္မဒိန် (စ)။ ဝအာလိဟီ၊ ဝအဿဟာဗိဟီ။ အာ့ဂ်ျမအီန်။

قرآن مجيد مين آيت ہے وَلِلّٰهِ الْاَسْمَاءُ الْحُسْنٰى فَادْعُوْهُ بِهَا

### ကုရအာန် ကျမ်းတော်မြတ်တွင် ပါရှိသည်မှာ-

အဓိပ္ပါယ်မှာ။ ။အလ်လာဟု အရှင်မြတ်ဘို့ရာ အလွန် မွန်မြတ်လှသည့် ဂုဏ်နာမံတော်များ ရှိကုန်၏။ သို့ပါ၍ သင်တို့သည် ထိုအရှင်မြတ်ကို ၎င်းနာမံတော်များအားဖြင့် တသတမ်းတ ပင့်ခေါ်ကြပါကုန်လော။

### ဒုအာ ဆုတောင်း ပြည့်စုံခြင်း အကြောင်း

အလ်လာဟု အရှင်မြတ်၏ ရှေ့တော်ဝယ် ခယဝပ်တွား မာန်လျှော့ ကန်တော့လျက် စိတ်အားထက်သန်စွာနှင့် အလ်လာဟု အရှင်မြတ်၏ မွန်မြတ်လှသည့် နာမံတော်များကို စဆုံးတိုင်အောင် မြွက်ဆိုဖြန်းပြီး ဆုတောင်း ဒုအာ တောင်းဆိုပါလျှင် အလာလ်ဟု အရှင်မြတ်သည် ထိုဆုတော် ဒုအာကို ဆောလျှင်စွာ သဘောတူလက်ခံ၍ ပြည့်စုံစေတော်မူကြောင်း၊ ၎င်းပြင် အကြင်သူ

---

မှတ်ချက်။ ။အိစလာမ်ဘာသာဝင် အပေါင်းတို့သည် အလ်လာဟု အရှင်မြတ်၏ ဂုဏ်နာမံတော်များကို အနက်အဓိပ္ပါယ်နှင့်တကွ သိရှိနားလည်ထားကြရမည့်ပြင် ထိုအရှင်မြတ်၌ရှိသော ဂုဏ်တော်တခိုးတော်များသည် အခြားပုဂ္ဂိုလ်နဗီ ဝလီ (သူတော်စင်) များ၌လည်း တည်ရှိသည်ဟူ၍ ယုံကြည်စွဲလမ်း ထင်မှတ်ခြင်းသည် (ရှိရ်ကSHIRK) အလ်လာဟု အရှင်မြတ်နှင့် ထိုပုဂ္ဂိုလ်အား ဖက်စပ် ကိုးကွယ်ခြင်း ဖြစ်သောကြောင့် အလွန် အပြစ်ကြီးလသည်၊ ထိုသို့ (ရှိရ်ကSHIRK) ပြုလုပ်သော သူတို့သည် (ဂျန္နတ်) ရှေ့ဥယျာဉ်တော်တွင်းသို့ ဝင်ရောက်ကြရမည်မဟုတ်ကြောင်း အထူးသတိပြုရမည်။ ၎င်းပြင် ဤဂုဏ်နာမံတော်များကို နေ့စဉ်ညမနက် ရွတ်ဆိုသည်ရှိသော် မိမိတို့၏ အီမာန်စွဲယူယုံကြည်မှုထယ်သန်လာလိမ့်မည်ဖြစ်ကြောင်း နှုသုံးသွင်းထားကြ ရာတည်း

သူ့ဘိုရာ ဒုအာ၏ လွှာ်တော် ဖွင့်ထားသည်ရှိသော်၊ ထိုသူ့အတွက်(ရဟမတ်) တည်းဟူသော မဟာကရုဏာတော်တံခါးလည်း ပွင့်လျက် ရှိပေသည်ဟု တိရမိဇီ အမည်ရှိသော ဟာဒီသ် ကျမ်းတော်တွင် အတိအလင်း ရေးသား ပါရှိလေသတည်း။

حديث شريف میں آیا ہے عَنْ اَبِي هُرَيْرَةَ رَضِيَ اللّٰهُ تَعَالٰى عَنْهُ اَنَّهُ قَالَ قَالَ رَسُوْلُ اللّٰهِ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ اِنَّ لِلّٰهِ تِسْعَةً وَّتِسْعِيْنَ اِسْمًا مَّنْ اَحْصٰهَا دَخَلَ الْجَنَّةَ

ဟဒီသ် ကျမ်းတော်တွင် ပါရှိသည်မှာ-

အန် အဘီဟုရာယ်ရတ၊ ရဇ္ဇိယလ်ဟု၊ တအာလာအံန်ဟု၊ ကာလ၊ တာလ၊ ရစူလု့လ်လာဟိ၊ စွာ့လ်လလ်လာဟု၊ အလာဿ်ဟိ၊ ဝစလ်လမ်း၊အို့န်န၊ လိ့လ် လာဟိ။တိ့စ်အတန်(စ်)၊ ဝတိ့စ်အိန္ဒာ့စ်မှာ့မ်၊မန်အဟ်စွာဟာ ဒခလလ်ဂျန္နဘ။ (မိရှကာတ် ကျမ်း။)

အဓိပ္ပါယ်မှာ။ ။အဗုဟုရယ်ရဟ် (ရဇ္ဇိယယ်လာဟု တအာလ အံနှဟု)က ဟောပြော၏၊ အကြောင်းမှာ ရစူလု့လ်လာဟ် ကိုယ်တော်မြတ် (စွာ့လ်လလ်လာဟု အလာယ်ဟိဝစလ်သမ်) မိန့်ဟောတော်မူသည်မှာ ဧကန် အမှန် အလ်လာဟု အရှင်မြတ်ဘို့ရာ မွန်မြတ်လှသည့် နာမ်တော် (၉၉) ကိုး ဆယ့်ကိုးပါး သပြား‌ရှိကုန်၊ မည်သူမဆို ထိုနာမ်တော်များကို အာဂုံဆောင် ထားပြီး အမြဲလေ့သာ ဒီးဖြန် ၍ ၎င်းအတိုင်း လိုက်နာသည်ရှိသော်၊ ထိုသူ သည် ဂျန်နတ်-ရွှေဥယျာဉ်ဘော်တွင် ဝင်ရောက်၍ စည်းစိမ်ဘုံဖြင့် မွေ့လျော် စံပျော်ရလတံ့ဟု မိန့်တော်မူသတည်း။

ဗိ့မ်မိ့လ်လာဟိရ်ရဟမာနိ့ရ်ရဟီမ်။

| | |
|---|---|
| ဟုဝါလ်ဟု့လ်လဈိ | ထိုအလ်လာဟု အရှင်မြတ်သည်ကား ဤသို့ တည်း။ |
| လာအိလာဟ အိ့လ်လာလလ်ဟု။ | အခြားဝတ်ပြု ကိုးကွယ်ခြင်းခံထိုက်သူမရှိ၊ သို့ရာတွင် ထိုအရှင်မြတ်သည်သာလျှင်ရှိသော မြတ်နိုး ရှိခိုးပူဇော် ဖူးမျှော် မာန်လျှော့ ဆည်းကပ်ကိုးကွယ်အပ် မြတ်တော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည်။ |
| အရ်ရဟမာနု။ | မဟာကရုဏာပြည့်စုံတော်မူတတ်ထသော။ |
| အရ်ရဟီမှ။ | အလွန်ကြင်နာသနားတော် မူတတ်ထသော။ |
| အလ်မလိကု။ | အတွင်း ပြင် ပ နိုင်ငံ တို့ကို စိုးပိုင်သည့် ဘုရင်စင်စစ်ဖြစ် |

| | |
|---|---|
| | တော်မူသော၊ လောကီ လောကုတ္တရာ နှစ်ဌာနတို့ကိုလည်း စိုးပိုင်တော်မူသော။ |
| အလ်ကုဒ္ဒုဆု။ | အမင်္ဂလာအပေါင်းတို့မှကင်းစင်၍အလွန်သပ္ပါယ်၍ကြည်ညို ဘွယ်ဖြစ်တော်မူသော။ |
| အဿလာမု။ | မစုံလင်ခြင်းနှင့် အန္တရာယ် အပေါင်းတို့မှ ကင်းလွတ်၍ အလွန်ငြိမ်သက်တော်မူသော၊ |
| အလ်မုအ်မိနု။ | မုအ်မိန်တို့အား အလွန်ကြောက်ရွံ့ဘွယ်ရာများမှ လုံခြုံစေ တော်မူတတ်သော မိမိ၌ အိမာန်စွဲယူယုံကြည်ခြင်းတရား ကိုပေးသနားတော်မူတတ်သော။ |
| အလ်မုဟာယ်မိနု။ | ကမ္ဘာ့ရေးရာတို့ကို စီမံအုပ်ချုပ်၍ စောင့်ရှောက်တော်မူသော။ |
| အလ်အဇီဇု။ | ခပ်သိမ်းတို့အပေါ် အတုမရှိ၊ နိုင်နင်းစွာလွှမ်းမိုးတော်မူသော။ |
| အလ်ဂျဗ္ဗာရု။ | အရေးကိစ္စ ဟူသရွေ့တို့ကို အကြောင်း ညီညွတ်အောင် ပြုပြင်ပေးတော်မူသော။ |
| အလ်မုတကဗ္ဗိရု။ | ခပ်သိမ်းကုန် တို့ထက် အလွန်ကြီးကဲ ထွဋ်မြတ်၍ အလွန် ခန့်နားစွာ ရှိတော် မူသော။ |
| အလ်ခါလိကု။ | အရာခပ်သိမ်းတို့ကို မိမိ၏တန်ခိုးတော်အားဖြင့် ဖန်ဆင်း တော် မူသော။ |
| အလ်ဗာရိအု။ | ခပ်သိမ်းသော သတ္တဝါ၊ အရာအပေါင်းတို့ကို စံနမူနာ သဘွယ် ပြုပြင်ဖန်ဆင်းတော်မူသော။ |
| အလ်မုဆဝွိရု။ | ခပ်သိမ်းသောသတ္တဝါ အရာအပေါင်းတို့၏ ရုပ်ဆင်းအင်္ဂါ ပုံ–သဏ္ဍာန်တို့ကို ပြုလုပ်ခြင်တော်မူသော။ |

---

မှတ်ချက်။ ။ မူလဂုဏ်နာမံတော်သည် အာရေဗီဘာသာ စကားဖြင့် ရေးသားထား ရှိရာ အရေဗီဘ လုံးဝမတတ်မြောက်သူများလည်း အကျိုးခံစားရန် သဘောထား၍ နာမံတော်၏ အသံထွက်များကို အရေဗီသရသံထွက်နှင့် ညီညွတ်စွာ ရေးသားလိုက်ပါ သက်။ ဂုဏ်နာမံတော်နှင့်အရှင် ဟူသောစကားကို တွဲဘက်လိုပါက တိုက်ရိုက်မတွဲဘက် ဘဲ အလ်လာဟု ဟုသော [Zaat] ဇာတ်–ဉာဏ်တော်ဒရဝ်၏ နာမံတော်ကိုသွင်းပြီးမှ သာလျှင် မြွက်ဆိုရမည်။ ဥဒါဟရဏ်မှာ မဟာကရုဏာပြည့်စုံတော် မူထသော အလ် လာဟုအရှင်၊ ဒုအာ ဆုတောင်းပြည့်စုံရန်အတွက် ဤဂုဏ်နာမံတော်ကို အကြောင်းပြု ရန် အရေဗီဘာသာစကားဖြင့်ပါရှိသော မွန်မြတ်လှသည့် နာမံတော်များကို လေ့လာ မြွက်ဆိုကြသည့်နည်းအတိုင်း မြွက်ဆို၍ပြီးဆုံးသောအခါ စလဝါတ်တော် (ဒရူဒ်ရှရီဖ်) ကို မြွက်ဆို၍ မိမိတို့လိုအပ်သည့်ဆုများကို အလ်လာဟု အရှင်မြတ်၏ ရှေ့လွှတ်တော်ဝယ် လျှောက်ထားတောင်းဆိုကြသောအခါ ထိုဆုတောင်း ဒုအာများ ဆောလျင်စွာ ပြည့်စုံ ပါစေသတည်း။ အာမီန်။

အလ်ဃဖ်ဖာရု။ အပြစ်ကျူးလွန်သူတို့အား ပြစ်ဒဏ်များကို အလွန် ချမ်းသာ ပေးသနားတော်မူထသော။

အလ်ကဟ်ဟာရု။ ပုန်ကန်သူတို့ကို နိုင်နင်းစွာ နှိပ်ကွပ်တော် မူတတ်ထသော အလွန်အောင်နိုင်တော် မူထသော။

အလ်ဝဟ်ဟာဗု။ လဲလှယ်ယူခြင်းမရှိဘဲ အလွန်ပေးကမ်း စွန့်ကြဲတော်မူထသော။

အရ်ရဇ္ဇာကု။ ဝေနေယျသတ္တဝါ အပေါင်းတို့အား စားနပ်ရိက္ခာ၊ ဥစ္စာ ဓနနှင့် ရတနာများ ချီးမြှင့်ပေးသနားတော်မူထသော။

အလ်ဖတ္တာဟု။ စားနပ်ရိက္ခာများနှင့် မဟာကရုဏာ တရားတော်တို့ကို ဖွင့်ပေးသနားတော်မူထသော။

အလ်အလီမု။ ထင်ရှား ဆိတ်ကွယ် လျှက်ရှိသော အရာအပေါင်းတို့ကို အကြွင်းမဲ့ဥဿုံ အလုံးစုံ သိမြင်တော်မူထသော။

အလ်ကာဗိဇု။ စားနပ်ရိက္ခာနှင့် အသက်ဇီဝိန်တို့ကို ကြပ်တည်းစေ၊ နုတ်သိမ်းစေတော်မူတတ်ထသော။

အလ်ဗာစိတု။ စားနပ်ရိက္ခာနှင့် စိတ်သဘောတို့ကို ပြည့်ဝစေတော် မူထသော။

အလ်ခါဖိဇု။ မိမိအားမယုံကြည်ဘဲလျက် မာန်မာန ထောင်လွှား သူတို့အား နှိမ့်ချတော်မူတတ်ထသော။

အရ်ရာဖိအု။ မိမိအားယုံကြည်လျက် မာန်လျှော့သူတို့အား မြင့်မြတ်စေတော်မူထသော။

အလ်မုအိဇ္ဇု။ အလိုတော်အတိုင်း ဂုဏ်သရေမြင့်စေတော်မူထသော။

အလ်မုဇိလ္လု။ အလိုတော်အတိုင်း ဂုဏ်သရေယုတ်စေတော်မူထသော။

အဿမီအု။ အသံပေါင်းနှင့် ဆုတောင်းသံများကို ကြားသိတော်မူထသော။

အလ်ဗဆီရု။ အကြောင်းအရာခပ်သိမ်းတို့ကို တန်ခိုးတော်နှင့် ဝေဆန်ပိုင်းခြား အလွန်သိမြင်တော်မူထသော။

အလ်ဟကမု။ အမိန့်အာဏာပိုင် စွာစီရင်ဆုံ ဖြတ်တော်မူတတ်ထသော။

အလ်အဒလု။ တရားအတိုင်း အလွန်ဖြောင့်မှန်ရာကိုသာ ပြုတော်မူတတ်ထသော။

အလ်လတီဖု။ အလွန်နက်နဲသိမ်မွေ့သည့် အရာများကို အလွန် သိမြင်တော်မူထသော။

အလ်ခဗီရု။ အရာခပ်သိမ်းတို့၏ အတွင်းပြင်ပ သဘော တရား တို့ကို အကြွင်းမဲ့ဥဿုံအလုံးစုံ သိရှိတော်မူထသော။

| | |
|---|---|
| အလ်ဟာလီမု။ | ပမာဏမပြတ် အလွန်ခံနိုင်ရည်နှင့် စုံပြည့်တော်မထသော။ |
| အလ်အဇီမု။ | စိတ်ကူးထုင်မြင်သည်ထက်ပင် အလွန်ကြီးကျယ် ခန့်နားတော်မူထသော။ |
| အလ်ဃဖူရု။ | အကြိမ်ကြိမ် အပြစ်ဒဏ် ချမ်းသာပေးသနားတော် မူတတ်ထသော။ |
| အရှ်ရှကူရု။ | ကျေးဇူးတော် အနန္တကို သိတတ်သူတို့အား ချီးမြှင့်တော်မူထသော။ |
| အလ်အလီယ်ယု။ | အရာခပ်သိမ်းတို့ထက် အလွန်ထွဋ်မြတ်တော် မူထသော |
| အလ်ကဗီရု။ | အရာခပ်သိမ်းတို့ထက် ဧကတ် အလွန်ကြီးကဲတော် မူထသော။ |
| အလ်ဟဖီဇု။ | ဘေးအန္တရာယ် အပေါင်းတို့မှ ထိန်းသိမ်းကာကွယ်တော်မူထသော။ |
| အလ်မုကီတု။ | ဝေနေယျအပေါင်းတို့အား အစာအဟာရ ပေးသနားတော်မူထသော။ |
| အလ်ဟစီဗု။ | ဝေနေယျအပေါင်းတို့၏ အထူးအားကိုးအားထားရာ ဖြစ်တော်မူထသော ကမ္ဘာအဆုံးအစွန်နေ့၌ဝေနေယျသတ္တဝါတို့၏ ပြုမှု ဆိုမှုများကိုစစ်မေးတော်မူတတ်ထသော။ |
| အလ်ဂျလီလု။ | ဘုန်းတံခိုးတေဇော် အလွန်ထက်မြက်တော် မူထသော။ |
| အလ်ကရီမု။ | အလွန်ရက်ရောစွာ ပေးကမ်းစွန့်ကြဲတော် မူတတ်ထသော။ |
| အရ်ရကီဗု။ | ဝေနေယျအပေါင်းတို့အား အထူးစောကြပ် ကြည့်ရှုတော်မူထသော။ |
| အလ်မုဂျီဗု။ | ဆုတောင်းပတ္ထနာတို့ကို အထူးပြည့်စုံ စေတော်မူထသော။ |
| အလ်ဝါစိအု။ | အသိဉာဏ်ပညာနှင့် ကရုဏာ တရားတို့ကို ဖြန့်ဖြူးတော်မူထသော။ |
| အလ်ဟကီမု။ | ပြုမှုဆိုမှုနှင့် အကြောင်းအရာ ဟူသမျှတို့ကို မိမိ၏ ရွှေဉာဏ်တော်နှင့် နေရာတကျဖြစ်အောင် ပြုလုပ်တော် မူတတ်ထသော။ |
| အလ်ဝဒူဒု။ | ကောင်းမှုပြုသူတို့အား အလွန်ချစ်ခင်မြတ်နိုးတော် မူထသော။ |
| အလ်မဂျီဒု။ | ဂုဏ်တန်ခိုးတော်အားဖြင့် အလွန်ကြီး မြင့်မြတ်တော် မူထသော။ |
| အလ်ဗာအိသု။ | ရစူလ်နှင့် နဗီတမန်တော် အပေါင်းတို့ကိုပို့လွှတ်တော်မူထသော၊ သေသူအပေါင်းတို့အား ပြန်လည်ရှင်ထစေတော်မူသော။ |

| | |
|---|---|
| အဝှရိရှဟိဒ။ | ပျောက်ကွယ်သည်မရှိ၊ အမြဲဒိဋ္ဌ ရှုမြင် လျက် ရှိတော်မူထသော။ |
| အလ်ဟဝှက်ကု။ | စိုးမိုးခြင်းဖြင့် အမှန်တည်းတော်မူထသော၊ ဝတ်ပြု ကိုးကွယ်ခြင်း အမှန်ထိုက်တန်တော်မူထသော။ |
| အလ်ဝကီလု၊ | ဝေနေယျတို့လွဲအပ်သည့် တားနပ်ရိက္ခာရေးနှင့် အခြားရေးရာတို့ကို ပြုပြင်ပေးသနားတော် မူတတ်ထသော။ |
| အလ်ကဗိယ်ယူ။ | ခွန်အားဗလ တန်ခိုးနှင့်အထူးပြည့်စုံတော် မူထသော။ |
| အလ်မတ္တီနု။ | အရေးကိစ္စ ဟူသရွေ့တို့ကို အစွမ်းတန်ခိုးနှင့် မြဲမြံတည်ကြည်စွာပြုတော်မူတတ်ထသော။ |
| အလ်ဝလီယ်ယု။ | မိမိအားယုံကြည်သူတို့ ကိုမိုင်းမ ကူညီစောင်မတော် မူတတ်သော။ |
| အဟ်ဟမီဒု။ | ချီးမွမ်းထောပနာ အပေါင်းနှင့် အလွန် အပ်မြတ်တော်မူထသော။ |
| အလ်မုဟ်ဆွိ။ | အရာခပ်သိမ်းတို့၏ ဦးရေကို မိမိ၏ရွှေဉာဏ်တော်နှင့် ရေတွက်သတ်မှတ်တော်မူတတ်ထသော။ |
| အလ်မုဗဒိအု။ | အရာခပ်သိမ်းတို့ကို ဦးစွာအစပြု၍ ပြုပြင်ဖန်ဆင်းတော်မူတတ်ထသော။ |
| အလ်မုအီဒု။ | အရာခပ်သိမ်းတို့ကိုနောက်ထပ်တဖန်ပြုပြင် ဖန်ဆင်းတော်မူထသော။ |
| အလ်မုဟ်ယီ၊ | အသက်ရှင်စေတော် မူတတ်ထသော။ |
| အလ်မုမီတု။ | အသက်သေစေတော်မူတတ်ထသော။ |
| အလ်ဟာယ်ယု၊ | အမြဲရှင်လျက် ရှိတော်မူထသော၊ |
| အလ်ကာယ်ယူမု။ | ကိုယ်တော်တိုင် တည်တန့်လျက် လောက အပေါင်း ကိုလည်း တည်တန့်စွာ ထိန်းထားတော်မူသော။ |
| အလ်ဝါလ်ဒု။ | အလုံးစုံရရှိ၍ ကုံလုံကြွယ်ဝပြည့်စုံတော် မူထသော၊ |
| အလ်မာဂျိဒု။ | တန်ခိုးတေဇော် အာနုဘော် အလွန်ကြီးမြတ်တော် မူထသော။ |
| အလ်ဝါဟိဒု။ | ဇာတ်-ဉာဏ်ဒြပ်တော်သည် ဂုဏ်တော် အပေါင်း နှင့် ဖွဲ့စည်းလျက်တဆူသာလျှင်ဖြစ်တော်မူထသော၊ |
| အလ်အဟဒု။ | ဇာတ်-ဉာဏ်ဒြပ်တော် တဆူတည်းသာလျှင် တည်ရှိတော်မူထသော။ |
| အဝှစ်စမဒု။ | ကိုယ်တော်တိုင် လိုအပ်သည်မရှိ၊ ဝေနေယျတို့၏လိုအပ်ခြင်းဆန္ဒ အပေါင်းပြည့်စုံခြင်း၏ တည်ရာလည်းဖြစ်တော်မူထသော။ |

အလ်ကာဒိရ။ အရာခပ်သိမ်းတို့ကို တန်ခိုးတော်နှင့် ပြုစွမ်းနိုင်တော် မူထသော။

အလ်မုက်တဒိရ။ မိမိအစွမ်း တန်ခိုးတော်ကို ထင်ရှားစေတော်မူထသော။

အလ်မုကဒ်ဒိမ်။ မိမိနှစ်သက်သူတို့ကို အပါးတော်သို့ ရောက်အောင် တိုးတက်စေတော်မူတတ်ထသော။

အလ်မုအခ်ခိရ။ ရန်သူတို့ကို မိမိ၏ မဟာကရုဏာတော်မှ နောက်ဘက်တွင် ချထားတော်မူတတ်ထသော။

အလ်အောဝ်ဝလု။ အရာခပ်သိမ်းတို့ထက် ဦးစွာအစတည်ရှိနေတော်မူသော။

အလ်အာခိရ။ အရာခပ်သိမ်းတို့ မရှိသည်နောက် အဆုံးစွန်၌တည်ရှိတော်မူသော။

အဇ္ဇာဟိရ။ မိမိ၏ထင်ရှားသော ဂုဏ်နာမံတော် အပေါင်းနှင့် အရာခပ်သိမ်းတို့ထက် ထင်ရှားတော်မူသော။

အလ်ဗာတွိန။ စိတ်ကူးထင်မြင်သည့်ထက်ပင် အလွန် အတွင်း ကျတော်မူသော။

အလ်ဝါလီ။ အကြောင်းအရာအားလုံးတို့ကို မိမိ၏ရွှေဉာဏ်တော် တန်ခိုးအာဖြင့် စီမံပြုလုပ်တော် မူတတ်ထသော။

အလ်မုတအာလီ။ ခပ်သိမ်းတို့ထက် အလွန်တင့်မြတ်တော်မူထသော။

အလ်ဗာ်ရ်ရု။ ဝေနေယျအပေါင်းတို့ အပေါ် ဝယ် ကောင်းကျိုးကောင်းရာ ကောင်း မှုပြုတော်မူတတ်ထသော။

အတ်တော်ဝ်ဝါဗု။ အပြစ်ဝန်ချတောင်းပန်သူတို့ဘက်သို့ ရဟမတ်တည်း ဟူသော ကရုဏာတော်နှင့် ပြန်လှည့်တော်မူထသော။

အလ်မုန်အိမု။ နိအမတ်-ရတနာ-စည်းစိမ် ချမ်းသာရာ အကြောင်းတရား များနှင့် ဆုလာဘ်များကို ပေးသနားတော်မူတတ်ထသော။

အလ်မုန်တကိမ်။ ရန်သူတို့အား လက်စား ချေတော်မူထသော၊ အပြစ်ထိုက်သူတို့အား အပြစ်ဒဏ် ပေးတော်မူတတ်ထသော။

အလ်အဖွူ ၊ ဝု။ ဝေနေယျအပေါင်းတို့၏၊ အပြစ်အာပတ်များကို အထူးသဖြင့် ပြေစေတော်မူထသော။

အာရ်ရအူဖ္ဖ။ ဝေနေယျအ အပေါင်းတို့အား အထူးသဖြင့် မဟာကရုဏာ သက်တော်မူသော။

မာလိကုလ်မွုလ်ကိ။ စိုးမိုးခြင်းတန်ခိုး အာဏာကိုပိုင်ဆိုင်တော်မူထသောအလိုတော်အတိုင်း စိုးမိုးတော်မူထသော။

ဇုလ်ဂျလာလိ။ ဂုဏ်ရောင်အလွန်တောက်ပ တင့်တယ်တော်မူထသော။

ဝါ့လ်အိကရာမ်။ ဂုဏ်အပြင် အလွန်ရိုသေလေးမြတ်ခြင်း ခံထိုက်တော် မူထသော။

အဝ္ဝရ်ရမ်မု။ အဖန်ဆင်းခံဖြစ်ကုန်သော၊ ဝေနေယျ သတ္တဝါနှင့် အရာအပေါင်းတို့ကို စိုးပိုင်၍ အုပ်ထိန်း စောင့်ရှောက် တော်မူတတ်ထသော၊

အလ်မုကဒ္ဒိမ်တု။ မျှတမှုများကို အလွန်ဖြောင့်မှန်စွာ ပြုတော်မူတတ်ထသော။

အလ်ဂျာမိအု။ ကမ္ဘာ့စကြာရပ်တန့်မည့်နေ့တွင် ဝေနေယျ အပေါင်း တို့ အား စုရုံးစေတော်မူထသော။

အလ်ဃနီယ်ယု။ အဘယ်အရာကိုမျှ လိုလားတောင်းတအပ်သည်မရှိ၊ ပြည့်စုံကြွယ်ဝတော်မူထသော။

အလ်မုဃ်နီ။ မိမိနှစ်သက်တော်မူသူတို့ကိုသည်၊ လိုအပ်ခြင်းတို့မှ ကင်းလွတ်စေ၍ ပြည့်စုံကြွယ်ဝ စေတော်မူတတ်ထသော။

အလ်မုအ်တွိ။ အလွန်ပေးကမ်း စွန့်ကြဲတော်မူတတ်ထသော။

အလ်မာနိအု။ ပျက်စီးခြင်းသို့ ရောက်ရှိရန်တားမြစ်တော်မူတတ်ထသော။

အဗ္ဗဇ်ဇွာရ်ရု။ အလွန်တရာဥပါဒ်အန္တရာယ် ဖြစ်စေတော်မူတတ်ထသော။

အန်နာဖိအု။ မိမိအလိုတော်အတိုင်း ကောင်းကျိုးကို ဖြစ်ထွန်းစေတော်မူထသော။

အန်နူရ်ရု။ ကိုယ်တော်ဘိုင် ထွန်းလင်းလျက်တော်မူ၍ အရာခပ်သိမ်းတို့ကိုလည်း ထွန်းလင်းစေတော်မူတတ်ထသော။

အလ်ဟာဒီ။ ဖြောင့်မှန်ဆုံးဖြစ်သော တရားလမ်းကို ညွှန်ပြတော်မူတတ်ထသော။

အလ်ဗဒီအု။ အရာခပ်သိမ်းတို့ကို ပုံစံမရှိဘဲ စတင်၍ တည်ထွင်တော် မူတတ်ထသော။

အလ်ဗာကီ။ အနိစ္စတရား လုံးဝကင်းလျက် နိစ္စထာဝရ အမြဲ တည်ရှိနေတော်မူသော။

အလ်ဝါရိသု။ ကမ္ဘာလောကကြီးနှင့် အရာခပ်သိမ်းတို့ မရှိသည့်နောက်ကိုလည်း ကျန်လျက်တည်ရှိနေတော်မူသော။

အရ်ရရှိဒ်ဒု။ ဖြောင့်မှန်သည့် အတွင်းပြင်ပ တရားလမ်းတို့ကို ညွှန်ပြတော်မူထသော။

အဗ္ဗစ်ဗူရု။ အပြစ်ဒဏ်ပေးခြင်း၌ ဆောလျှင်စွာပြုတော်မမူ၊ အလွန်သည်းခံခြင်းတရားနှင့် ပြည့်စုံတော်မူထသော အရှင်မြတ်ဖြစ်တော်မူ၏။

**အာလ်လာဟုအရှင်မြတ်၏ ဂုဏ်နာမံတော်များ ဤဘွင်ပြီး၏။**

---

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၂၄၉)
ထုတ်ဝေသူ။ ။မြင့်တာ၊မိုဟာမက်စွာလေး၊ အီစာလမ်သာသနာပြုတိုက်၊ မှတ်ပုံတင်အမှတ်(မြ ၀၄၀၂)အမှတ် ၂၀၉ ရွှေဘုံသာ (မဂို) လမ်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ။ ။ဦးဘကွန်း၊“မေ”စာပုံနှိပ်တိုက်၊ မှတ်ပုံတင်အမှတ် (မြ-၀၅၅၁) အမှတ် ၂၂၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့။

# کتب خانہ اسلامیہ

## نرساپوری موجہ جامع مسجد نمبر ۲۸۵ مغل اسٹریٹ رنگون

یہ وہ پرانا اور معتبر کتب خانہ ہے جسے حضرت مولانا مفتی محمد صالح صاحب امینی کی نگرانی اور سرپرستی کا فخر حاصل ہے اور جس میں ہر قسم اور ہر سائز کے قرآن مجید معریٰ و مترجم، تفسیر، حدیث، فقہ، صرف نحو، دیگر عربی، فارسی، اردو اور برمی زبان میں دینیات، تصوف، تاریخ، جغرافیہ اور درسی کتابیں تعلیم الاسلام کے چاروں حصے (بزبان برمی) اور ضرور المسلمین عم پارہ (بزبان برمی) نکاح نامہ، رجسٹر، عید کارڈ، طغریجات مسواک، ہر قسم کی تسبیح، عطریات، سرمہ، سرمہ دانی، تعویذات، تعویذ کے خول اور دیگر اسٹیشنری کے سامان کا بڑا ذخیرہ رہتا ہے اور اس کتب خانہ کے منافع سے ملک برما میں تبلیغ اشاعت اسلام کی جاتی ہے لہٰذا جو کتابیں درکار ہوں یہیں سے طلب کیجئے۔ بیرونجات کیلئے وی پی کا بہترین انتظام ہے۔
ایک مرتبہ فرمائش بھیجکر کتب خانہ اسلامیہ کی صفائی معاملات کی آزمائش کیجئے


ထုတ်ဝေသူ။ မုဟမ္မဒ်ဗွာလေးတ် အမြဲမှတ်ပုံတင် နံပါတ် (၀၄၀၂)
အီစလာမ် သာသနာပြုတိုက်၊ အမှတ်- ၂၈၉၊
ရွှေဘုံသာလမ်း ရန်ကုန်မြို့။

ပုံနှိပ်သူ၊ ဦးသကျွန်း အမြဲမှတ်ပုံတင် နံပါတ်- (၀၅၅၀)
ဓေပုံနှိပ်တိုက် အမှတ်- ၂၂၅၊ ၃၂-လမ်း ရန်ကုန်မြို့။


**အီစလာမ်တရားကျမ်းစာတိုက်ကြီး။**

အမှတ်- ၂၈၅၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့၊

**THE ISLAMIC BOOK DEPOT**

**No. 285 Shwebontha (Mogul) Street, Rangoon.**